## (၆-၁၁-၂၀၂၀) မှ (၁၁-၁၁-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး၊ ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် လစ်သူယေးနီးယား နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိ ရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ ဘာဘေဒို၊ အိုက်စလန်၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ ပီရူး၊ ပိုလန်၊ တောင်အာဖရိက၊ ဆူဒန်၊ ယူကရိန်းနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ အီတလီ၊ ဘရာဇီး၊ နယ်သာလန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊ မက္ကစီကို၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဖင်လန်၊ ဂျာမနီနှင့် နယူးဇီလန် စသည့် နိုင်ငံပေါင်း ၃၉ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၄ ဒသမ ၅၀ ရာခိုင်နှုန်း ထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့်

နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် တူရကီနိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် ၄ ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဂျော်ဒန်၊ မိုနာကို၊ အိုမန်၊ ပီရူး၊ ပိုလန်၊ ကာတာ၊ တောင်အာဖရိကနှင့် ဆူဒန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ ဖင်လန်၊ ယူကရိန်း၊ နယူးဇီလန်၊ အီတလီ၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဟန်ဂေရီ၊ ဂျာမနီနှင့် ဘရာဇီး စသည့်နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၈ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၃ ဒသမ ၄၀ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၈ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ **အာဆီယံနိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်တွင် ဖြစ်ပေါ်နေသော ခာတ်ဆီ၊ ဒီဇယ် (၁) လီတာဈေးနှုန်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၃ | ၀.၄၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၅ | ၀.၇၀ |
| ၃ | ထိုင်း | လီတာ | ၀.၉၅ | ၀.၆၃ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၅ | ၀.၄၉ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၄ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၃၉ | ၀.၄၁ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၆၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၇ | ၀.၆၄ |
| ၉ | လာအို | လီတာ | ၀.၉၃ | ၀.၇၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁.၀၀ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉ ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်းတစ်လီတာ သုည ဒသမ ၅၃ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၅ ဒေါ်လာနှုန်းဖြင့် ၁၆ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၃ |
| ၂ | အီရန် | လီတာ | ၀.၀၅ | နယ်သာလန် | လီတာ | ၁.၈၁ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၄ | မိုနာကို | လီတာ | ၁.၇၃ |
| ၄ | ကာတာ | လီတာ | ၀.၃၄ | ဂရိ | လီတာ | ၁.၆၉ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဆီးရီးယား | လီတာ | ၁.၆၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၀ | ဟောင်ကောင် | လီတာ | ၁.၈၄ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၆၁ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၀ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၁ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၃ | မိုနာကို | လီတာ | ၁.၅၈ |
| ၅ | ကာတာ | လီတာ | ၀.၃၀ | အစ္စရေး | လီတာ | ၁.၅၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၁ | ၀.၇၈ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၃ | ၁.၀၀ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၆.၁၁.၂၀၂၀ | စည် | ၃၇.၁၄ |
| ၂ | ၉.၁၁.၂၀၂၀ | စည် | ၄၀.၂၉ |
| ၃ | ၁၀.၁၁.၂၀၂၀ | စည် | ၄၁.၃၆ |
| ၄ | ၁၁.၁၁.၂၀၂၀ | စည် | ၄၁.၄၅ |

**source : http://www.oil-price.net/**

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်း စက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ နိုဝင်ဘာ ၅ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၄၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၃၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၅၄၅ ကျပ်ဖြင့် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၁၉၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၁၀၅ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၂၉၀၀ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၈၆၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၂၇၉၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၂၄၃၂ ကျပ်၊ ပဲခူးမြို့တွင်ဓာတ်ဆီတစ်ဂါလန်လျှင် ၂၃၂၀ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၄၇၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာ နိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်)**